VERMONT
DEPARTMENT OF HEALTH
အရေးကြီးမှတ်တမ်းများရုံး
P.O. Box 70
Burlington၊ VT 05402

# နောက်ကျမွေးစာရင်းလျှောက်ထားရမည့်နည်းလမ်း

ပူးတွဲပါရှိသည့် **နောက်ကျမွေးစာရင်းအတွက်တောင်းဆိုမှု နှင့်** နောက်ကျမွေးစာရင်းပေါ်တွင် **ထည့်သွင်းဖော်ပြမည့်  အချက်အလက်ဖော်ပြချက်တို့ကို** ဗားမောင့်တွင် မွေးဖွားခဲ့ကြောင်း မှတ်တမ်းတင်ရန်အသုံးပြုမည်ဖြစ်ပြီး မွေးရပ်မြေအဖြစ် ဘယ်တော့မှ သတ်မှတ်မည်မဟုတ်ပါ။

## နောက်ကျမွေးစာရင်းလျှောက်ထားခြင်းအတွက်လမ်းညွှန်ချက်များ–

1. နောက်ကျမွေးစာရင်းအတွက်တောင်းဆိုမှုနှင့်နောက်ကျမွေးစာရင်းပေါ်တွင် ထည့်သွင်းဖော်ပြမည့် အချက်အလက်တို့ကို ဖြည့်စွက်ပါ။
2. စာချုပ်စာတမ်းသက်သေခံရှေ့နေထံသို့ပုံစံများကို ယူဆောင်သွားပြီး ရှေ့နေ၏ ရှေ့မှောက်တွင် သင့်လက်ရှိတရားဝင်နာမည်ကို လက်မှတ်ရေးထိုးပေးပါ။
3. အသက်၊ မွေးဖွားရာနေရာနှင့် အုပ်ထိန်းသူမိဘတို့၏အချက်အလက်တို့ကို သက်သေပြပေးသည့် မူရင်း သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုထားသည့်စာရွက်စာတမ်းများကို စုဆောင်းထားပါ။

   **အသက် 10 နှစ်သို့မဟုတ် ထိုအထက် လူတစ်ဦးအတွက်** Vermont တွင် နောက်ကျမွေးစာရင်းတောင်းဆိုမှုကို ထောက်ခံရန် မူရင်း သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုထားသည့် စာရွက်စာတမ်း သုံးခု  လိုအပ်ပါသည်။ စာရွက်စာတမ်း တစ်ခုစီသည် လူပုဂ္ဂိုလ်၏ မွေးသက္ကရာဇ် သို့မဟုတ် အသက်ကိုမဖြစ်မနေဖော်ပြရမည်ဖြစ်ပြီး ၎င်းသည် နောက်ကျမွေးစာရင်းတောင်းဆိုသည့်နေ့မတိုင်မီ အနည်းဆုံး 10 နှစ်ကြိုတင်၍ သို့မဟုတ် မွေးဖွားသည့်နေ့မှ 3 နှစ်အတွင်း ရယူထားခြင်းဖြစ်ရမည်။ စာရွက်စာတမ်းတစ်ခုသည် အနည်းဆုံးအနေဖြင့်လူပုဂ္ဂိုလ်၏မွေးရပ်မြေအဖြစ် ဗားမောင့်ကိုဖော်ပြရမည်ဖြစ်ပြီး စာရွက်စာတမ်းတစ်ခုတွင် မိဘတစ်ဦး၏အမည် အနည်းဆုံးပါဝင်ရပါမည်။ နောက်စာမျက်နှာတွင်ဖော်ပြထားသော အဓိကဦးစားပေးစာရွက်စာတမ်းများစာရင်းကို ရည်ညွှန်းပေးပါ။ *စာရွက်စာတမ်းများကို ပြည်နယ်မှတ်ပုံတင်အရာရှိနှင့် စစ်ဆေး၍ အတည်ပြုနိုင်ပါသည်။*

**အသက် 10 နှစ်အောက် လူတစ်ဦးအတွက်** Vermont တွင် နောက်ကျမွေးစာရင်းတောင်းဆိုမှုကို ထောက်ခံရန် မူရင်း သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုထားသည့် စာရွက်စာတမ်း နှစ် ခု လိုအပ်ပါသည်။ ပထမဆုံးစာရွက်စာတမ်းတွင် မိခင်ဖြစ်သူသည် ကလေးမီးဖွားချိန်တွင် ဗားမောင့် ရှိနေခဲ့ကြောင်း မဖြစ်မနေဖော်ပြရပါမည်။ ဒုတိယစာရွက်စာတမ်းတွင် ကလေး၏ အမည်၊ မွေးသက္ကရာဇ်၊ ဗားမောင့်အားမွေးရပ်မြေအဖြစ်သတ်မှတ်မှုနှင့် အနည်းဆုံး မိဘတစ်ဦး၏အမည်တို့ကို မဖြစ်မနေဖော်ပြရပါမည်။ နောက်စာမျက်နှာတွင်ဖော်ပြထားသော အဓိကဦးစားပေးစာရွက်စာတမ်းများစာရင်းကို ရည်ညွှန်းပေးပါ။ *စာရွက်စာတမ်းများကို ပြည်နယ်မှတ်ပုံတင်အရာရှိနှင့် စစ်ဆေး၍ အတည်ပြုနိုင်ပါသည်။*

4. အောက်ပါပုံစံများနှင့် ထောက်ခံချက်စာရွက်စာတမ်းများကို ပေးပို့ပါ-

- ☐ နောက်ကျမွေးစာရင်းအတွက် ပြည့်စုံပြီး နိုတြီပြန်ဆိုထားသော တောင်းဆိုမှု
- ☐ နောက်ကျမွေးစာရင်းပေါ်တွင် ထည့်သွင်းဖော်ပြမည့် ပြည့်စုံပြီး နိုတြီပြန်ဆိုထားသော အချက်အလက်ဖော်ပြချက် နှင့်
- ☐ အသက်၊ မွေးဖွားရာနေရာနှင့် အုပ်ထိန်းသူမိဘတို့၏အချက်အလက်တို့ကို သက်သေပြပေးသည့် မူရင်း သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုထားသည့်ထောက်ခံချက် စာရွက်စာတမ်းများ

သို့– ဗားမောင့် ကျန်းမာရေးဌာန– အရေးကြီးမှတ်တမ်းများရုံး

108 Cherry Street, PO Box 70
Burlington၊ VT 05402

မူရင်းစာရွက်စာတမ်းများနှင့် မှန်ကန်ကြောင်းအတည်ပြုထားသည့်စာရွက်စာတမ်းမိတ္တူများအားလုံးကို လျှောက်ထားသူထံ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ မှန်ကန်ကြောင်းအတည်ပြုမထားသည့် ကာလာနှင့်ကူးထားသောမိတ္တူများကို လက်ခံမည်မဟုတ်ပါ။

**နောက်ကျမွေးစာရင်းအတွက် အချက်အလက်များကိုဖော်ပြပေးမည့် အဓိကဦးစားပေးစာရွက်စာတမ်းများ-**

- ကလေးမီးဖွားခြင်းအတွက်ဆေးရုံမှတ်တမ်း သို့မဟုတ် အထူးပြုလုပ်ထားသည့်စာရွက်( worksheet)
- ကလေးမီးဖွားခြင်းအတွက်ဆရာဝန်၏ရုံးမှတ်တမ်း သို့မဟုတ် အထူးပြုလုပ်ထားသည့်စာရွက်( worksheet)
- သားဖွားဆရာဝန်၏ရုံးမှတ်တမ်း သို့မဟုတ် အထူးပြုလုပ်ထားသည့်စာရွက်( worksheet)

- U.S. သန်းခေါင်စာရင်းကောက်ယူမှု မှတ်တမ်း
- အိမ်ထောင်ရေး လိုင်စင် လျှောက်လွှာ
- လူမှုဖူလုံရေးအကောင့်လျှောက်လွှာ
- စစ်ဘက်ဆိုင်ရာမှတ်တမ်း (တရားဝင်လက်မှတ်မဟုတ်ပါ)
- နိုင်ငံကူးလက်မှတ်
- ကျောင်းသန်းခေါင်စာရင်း သို့မဟုတ် ကျောင်းအပ်ထားသည့်မှတ်တမ်း
- အသက်အာမခံထားရှိမှု – အသက်အာမခံနံပါတ်နှင့် ထုတ်ပေးသည့်အချိန်တို့ကိုဖော်ပြထားသည့် အာမခံထားရှိမှုအပြည့်အစုံ–
- အလုပ်အကိုင်နှင့်သက်ဆိုင်သည့်မှတ်တမ်းများ
- ဆေးကုသမှုဆိုင်ရာ၊ ဆေးရုံ သို့မဟုတ် သွားကုသမှုဆိုင်ရာမှတ်တမ်း
- ပြည်နယ်မှတ်ပုံတင်အရာရှိမှ တောင်းဆိုထားသည့် အခြားသောအထောက်အထား-

မှတ်ချက်–လူပုဂ္ဂိုလ်၏ ကျမ်းကျိန်လွှာကို အဓိကဦးစားပေးစာရွက်စာတမ်းများအဖြစ်ပေးပို့၍မရပါ။

## နောက်ကျမွေးစာရင်းတင်သွင်းရန် သက်သေအထောက်အထား အဘယ်ကြောင့် လိုအပ်ပါသလဲ။

မွေးစာရင်းသည် အသက်နှင့် အမေရိကန်နိုင်ငံသားဖြစ်ကြောင်းသက်သေပြပေးသည့် အဖိုးတန်စာရွက်စာတမ်းတစ်ခုဖြစ်သည်။ နောက်ကျမွေးစာရင်းသည် မွေးဖွားခြင်းဆိုင်ရာအချက်အလက်များကို သက်သေပြရန်အသုံးပြုသည့် စာရွက်စာတမ်းများကဲ့သို့ပင်အဖိုးတန်ပါသည်။ သို့ပါသောကြောင့် တိကျသေချာသည့် စာရွက်စာတမ်းများကိုလိုအပ်ပါသည်။ သင်၏နောက်ကျမွေးစာရင်းသည် မှန်ကန်တိကျမှုရှိစေရန်အလို့ငှာ စာရွက်စာတမ်းများသည် မူရင်း သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုထားသည့်စာရွက်စာတမ်းများဖြစ်ရမည်ဖြစ်ပြီး ပြင်ဆင်ပြောင်းလဲ၍ မရပါ။

## မေးခွန်းများ

အရေးကြီးမှတ်တမ်းများရုံး - ဗားမောင့်ကျန်းမာရေးဌာနသို့ နောက်ကျမွေးစာရင်းများနှင့်ပတ်သက်သည့်မည်သည့်မေးခွန်းများကိုမဆိုမေးမြန်းရန် အရေးကြီးမှတ်တမ်းများရုံး - ဗားမောင့်ကျန်းမာရေးဌာနသို့ ဖုန်းခေါ်ဆိုပါ။ (802) 863-7278 သို့ ဖုန်းခေါ်ဆို၍ အရေးကြီးမှတ်တမ်းများဆိုင်ရာ ကြီးကြပ်ရေးမှူးထံဆက်သွယ်နိုင်ပါသည်။